CHERRY FOUNDATION
MPs Support Center
WEEKLY Ethnic News Collection

# နေ့စဉ်တိုင်းရင်းသားသတင်းများ စုဆောင်းတင်ပြခြင်း

(No. 57 , September 11, 2020)

၁။ သျှမ်းတပ် ၂ တပ် နယ်ကျော်ခွင့်မပြုဟု ကာချုပ် ပြော

၂။ ကရင်ပြည်နယ်၏ကံကြမ္မာ ပြည်နယ်သားလက်ထဲရောက်ဖို့ KNDP ကိုမဲပေးရန် နန်းစေးအွာပြော

၃။ နိုင်ငံရေးပါတီအလံများ ပါတီရုံးများ၌သာ စိုက်ထူခွင့်ရှိဟု မွန်ရွေးကောက်ပွဲ ကော်မရှင်ပြော

၄။ ပလက်ဝပြည်သူများ ရွေးကောက်ပွဲစိတ်ဝင်တစားပါဝင်နိုင်ရန် စစ်ပွဲရပ်စဲပေးရန် KACC တောင်းဆို

၅။ ရခိုင်ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေတဲ့အပေါ် စိုးရိမ်မကင်းဖြစ်ကြောင်း ကုလဌာနေကိုယ်စားလှယ်ပြော

၆။ နေရပ်ပြန်ဒုက္ခသည်များ၏ အတွေ့အကြုံဆိုင်ရာ အစီရင်ခံစာ ကရင်လူ့အခွင့်အရေးအဖွဲ့ ထုတ်ပြန်

၇။ ကိုဗစ် ၁၉ ကာလ သျှမ်း ပြည်သူများ စားဝတ်နေရေး ခက်ခဲလာ

၈။ ဦးဂါရှာသူကို အဓမ္မကျင့်သည့် တပ်မတော်သား ၃ ဦး၊ စစ်တရားရုံးဖွဲ့ စစ်ဆေး ပြစ်ဒဏ်ပေးမည်

၉။ မံစီမြို့နယ် နမ်လင်းပါ (Nam Lim Pa) ဒေသခံများနေရပ်ပြန်ရေး နယ်မြေခံတပ်က ခွင့်မပြုသဖြင့် မပြန်နိုင်သေး

၁၀။ ချင်းပြည်နယ် စည်ပင်ဝန်ကြီးလိုက်ပါလာသည့် စက်လှေကို ပစ်ခတ်ခံရကြောင်းပြော

၁၁။ သစ်ထုတ်လုပ်မှုကြောင့် မြစ်ဆုံဒေသခံများ သောက်သုံးရေအတွက် အခက်အခဲဖြစ်လာ

၁၂။ ရခိုင်ပြည်နယ်အရေးကို နိုင်ငံရေးနည်းဖြင့် စားပွဲဝိုင်းတွင် ဖြေရှင်းကြရန် ကရင်အမျိုးသားပါတီတိုက်တွန်း

၁၃။ စည်းရုံးရေး အတွင်းအငြင်းပွားမှု မဖြစ်စေရန် မဲဆွယ်ခရီးစဉ် စာတင်ရ

၁၄။ ထွက်ပြေး အကျဉ်းသားများ ဖမ်းမမိသေးသည့်အတွက် ဒေသခံများစိုးရိမ်

၁၅။ ကယားပြည်နယ်သို့ အဝင်အထွက် ယာဉ်လိုင်းများအားလုံး ယာယီရပ်ဆိုင်းမည်

၁၆။ ရေးမြို့နယ်၌ လူသတ်ပြီး ရွှေထည်ပစ္စည်းယူဆောင်သွားသူကို ဖမ်းမိ

၁၇။ ကရင်ပြည်နယ်မှာ တစ်သီးပုဂ္ဂလ ၂၃ ဦး ရွေးကောက်ပွဲဝင်မည်

၁၈။ ရွေးကောက်ပွဲတွင် ညွှန့်ပေါင်းအစိုးရ ဖြစ်ပေါ်လာနိုင်ဟု မွန်နိုင်ငံရေးလေ့လာသူအချို့ သုံးသပ်

၁၉။ မြစ်ကြီးနားမှ ပိုးတွေ့လူနာနှင့်ထိစပ်ခဲ့သူပေါင်း အယောက် ၃၀ ကျော်ရှိ

၂၀။ မွန်ပြည်နယ်တွင် မဲရုံ ၂၂ ရုံ ထပ်တိုးထားရန် ပြင်ဆင်

၂၁။ တောင်ကြီးအဝင်/ထွက် ၂၄ နာရီ ကျန်းမာရေး စစ်ဆေးဂိတ် ဖွင့်လှစ်

၂၂။ တိုက်ပွဲတွေရပ်ဖို့ ဗကသကျောင်းသားတွေ မန္တလေးမှာဆန္ဒပြ

၂၃။ တောင်ကြီး ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၌ ကိုဗစ်-၁၉ စတင်စစ်ဆေး

## ၁။ သျှမ်းတပ် ၂ တပ် နယ်ကျော်ခွင့်မပြုဟု ကာချုပ် ပြော

September 11, 2020

သျှမ်းပြည်တပ်မတော် ၂ တပ်ကို သတ်မှတ်ထားသည့်နယ်မြေ သာခွင့်ပြုပြီး၊ နယ်မြေကျော်ခွင့်မပြုကြောင်း ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင် က ပြောဆိုလိုက်သည်။ ကာကွယ်ရေး ဦးစီးချုပ်သည် စက်တင်ဘာ (၈) ရက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေ အတွင်းသို့ ရောက်ရှိစဉ် ပြောကြားခဲ့သည်ဟု တပ်မတော် သတင်းမှန်ပြန်ကြားရေး၏ သတင်းစာမျက်နှာ တွင် ရေးသားဖော်ပြထားသည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကို ကြပ်မတ်စွာ ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ၊သျှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ၊ သျှမ်းပြည် တပ်မတော် (RCSS/SSA) ကို လွယ်တိုင်းလျှန်း ဒေသနှင့် မိုင်းပန် တောင်ခြမ်း ဒေသ၊ သျှမ်းပြည် တိုးတက်ရေး ကောင်စီ ၊သျှမ်းပြည် တပ်မတော်( SSPP/SSA) ကို ဝမ်ဟိုင်းဒေသတွင်သာ ခွင့်ပြုထားပြီး၊ ကျန်နယ်မြေများတွင် ခွင့်ပြုပေးထားခြင်းမရှိကြောင်း၊ နယ်မြေကျော်လွန်လှုပ်ရှားမှု ခွင့်ပြု၍မရကြောင်း ကာကွယ်ရေး ဦးစီးချုပ် က ပြောဆိုသည်ဟု ဖော်ပြထားသည်။ သို့သော် သျှမ်းတပ်မတော် ၂ တပ် အနေဖြင့် ပြည်နယ် အဆင့် သဘောတူ ညီ စာချုပ်လက်မှတ်ရေးထိုးရာတွင် နယ်မြေ ကန့်ကွက်မှု မပါရှိကြောင်း၊ နယ်မြေ ပိုင်းခြားမှု မရှိထားသေးကြောင်းလည်း ပြောဆိုလိုက်သည်။

ထို့ကြောင့် SSPP/SSA ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး စိုင်းသန်းအောင် က “ ကျနော်တို့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပြည်နယ်အဆင့်လုပ်နေတာကို သူမေ့သွား တယ်ထင်တယ်။ ကျနော်တို့ ဒီနေရာနေရမယ် ။ဟိုနေရာနေရာမယ်ဆိုပြီး ကျနော်တို့လက်မှတ်ရေးထိုးထားတာ မရှိပါဘူး” ဟု သျှမ်းသံတော်ဆင့်ကို ပြောသည်။ SSPP/SSA အနေဖြင့် ပြည်နယ် အဆင့် အပစ်ခတ်ရပ်စဲရေး လက်မှတ်ရေးထိုးစဉ်တွင် ဝမ်ဟိုင်းဌာနချုပ် ကို အခြေပြု ပြီး လက်တလောရောက်ရှိနေသည့် တပ်ဖြန့်ခွဲထားသည့်နေရာကို ယာယီရပ်ဆိုင်းထားရန်သာ ပါရှိကြောင်း၊ ဝမ်ဟိုင်းဌာနချုပ်ကိုသာ ခွင့်ပြုထားသည်ဟူသည့် အချက်မပါရှိကြောင်း ဗိုလ်မှူး စိုင်းသန်းအောင် က ဆိုသည်။

ထိုနည်းတူ တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး သဘောတူညီ စာချုပ် (NCA ) လက်မှတ်ရေးထိုးထားသည့် RCSS/SSA မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ခမ်းစံ က “ ကျနော်တို့မှာလည်း နယ်မြေကန့်သတ်မှုမရှိ။ NCA ထိုးတဲ့နေရာမှာလည်း နယ်မြေ ကန့်သတ်မှု နယ်မြေပိုင်းခြားရေးလည်း မရှိသေးဘူး။ သဘောတူညီမှုစာ ချုပ်မှာလည်း မပါသေးဘူး။ ဆွေးနွေးဖို့ပဲရှိ သေးတယ်” ဟု သျှမ်းသံတော်ဆင့်ကို ပြောသည်။ RCSS/SSA အနေဖြင့်လည်း NCA လက်မှတ်မရေးထိုးခင်ကတည်း က သျှမ်းပြည် တဝှမ်း တွင် လှုပ်ရှားသည့်နယ်မြေများရှိကြောင်း၊ ထိုနယ်မြေ အတွင်း တွင် မူယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည် ဟု ဗိုလ်မှူး ခမ်းစံ က ပြောသည်။ https://burmese.shannews.org/archives/18422

**************

## ၂။ **ကရင်ပြည်နယ်၏ကံကြမ္မာ ပြည်နယ်သားလက်ထဲရောက်ဖို့ KNDP ကိုမဲပေးရန် နန်းစေးအွာပြော**

September 10, 2020

ကရင်ပြည်နယ်၏ကံကြမ္မာ၊ ဆုံးဖြတ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ပြည်နယ်သူ၊ ပြည်နယ်သားလက်ထဲသို့ ရောက်ရှိရန် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ-KNDP ကိုမဲပေးကြပါဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း နန်းစေအွာက ပြောသည်။

"တန်းတူညီမျှဖွံ့ဖြိုးဖို့ KNDP ကိုမဲပေးစို့ဆိုတဲ့ ဆောင်ပုဒ်ကတော့ ဖက်ဒရယ်ဆိုတဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ဖို့၊ ကိုယ့်ပြည်နယ်ဒေသမှာ ကိုယ့်အစိုးရနဲ့နေထိုင်ပြီးတော့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိဖို့ပါ။" ဟု အစီအစဉ်အပြီး ကေအိုင်စီသို့ ပြောသည်။ ဒေသခံပြည်သူနှင့်ဒေသခံအစိုးရတို့ ပူးပေါင်းမှသာလျှင် ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အခွင့်အရေးများ ပိုမိုရရှိလာမည်ဖြစ်သောကြောင့် ပြည်နယ်ဒေသခံများဖြင့်ဖွဲ့စည်းထားသည့် ပါတီ (KNDP) အား စုပေါင်း မဲပေးစေလိုကြောင်း နန်းစေအွာက ပြောသည်။ ထို့အပြင်တက်လာမည့် အစိုးရအနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီအား ဖော်ဆောင်ချင်သည့် စိတ်ရင်း စေတနာရှိပြီး တိုင်းရင်းသားများ၊ တိုင်းရင်းသားပါတီများနှင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် ပြည်နယ်ဒေသများ၏ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်အရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများအတွက် ဦးဆောင်သွားနိုင်မည်ဟုလည်း နန်းစေးအွာက ဆက်ပြော သည်။

မဲဆွယ်စည်းရုံးဟောပြောရေး အစီအစဉ်သို့ တက်ရောက်လာသော နတ်ထိပ်ကျေးရွာအုပ်စု၊ လာချောင့် (လှဆန်း) ရွာမှ ရပ်မိရပ်ဖ စောမောင်ဒွေက ကရင်ပါတီကိုသာမဲထည့်သွားမည်ဟု ကေအိုင်စီသို့ ယခုလိုထုတ်ဖော်ပြောသည်။ "ကရင်ပါတီကိုမဲထည့်လို့ အနိုင်ရခဲ့ရင် ကရင်လူမျိုးတွေ ပညာတတ်ပိုမိုများပြားလာရေးအတွက် ပညာရေး တိုးတက်ဖို့ ဆောင်ရွက်ပေးစေလိုတယ်။ ကရင်မှာက သူများနဲ့ယှဉ်ရင် ပညာတတ်နည်းနေသေးတာကိုး။ နောက်ပြီး ကရင်တွေရဲ့ စာပေနဲ့ ယဉ်ကျေးမှုက အစ ကျေးရွာဒေသအတွက် လမ်းတံတား၊ အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်ဖို့ကိုလည်း လိုလားပါတယ်။" ဟု ပြောသည်။ http://kicnews.org/2020/09/%e1%80%80%e1%80%9b%e1%80%84%e1%80%b9%e1%80%bb%e1%

***************

## ၃။ **နိုင်ငံရေးပါတီအလံများ ပါတီရုံးများ၌သာ စိုက်ထူခွင့်ရှိဟု မွန်ရွေးကောက်ပွဲ ကော်မရှင်ပြော**

11, September 2020

နိုင်ငံရေးပါတီအလံတွေကို သက်ဆိုင်ရာ ပါတီရုံးတွေမှာပဲ စိုက်ထူခွင့်ရှိတယ်လို့ မွန်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူက ပြောကြားလိုက်ပါတယ်။ မွန်ပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက်နေ့က မော်လမြိုင်မှာ ပြုလုပ်ခဲ့တာပါ။ စေ့စပ်ညှိနှိုင်းရေး ကော်မတီကိုတော့ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်တွေ၊ နိုင်ငံရေးပါတီ ၁၇ ခု အပါအဝင် ဌာနဆိုင်ရာ အကြီးအကဲတွေနဲ့ ဖွဲ့စည်းထားတာပါ။

ဒီအစည်းအဝေးမှာတော့ နိုင်ငံရေးပါတီ လိုက်နာရမယ့် ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းတွေအပါအဝင် ကိုဗစ်ကာလ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို လိုက်နာကြဖို့ အသိပေးရှင်းလင်းခဲ့တာပါ။ နိုင်ငံရေးပါတီအနေနဲ့ ပါတီအလံတွေကို သက်ဆိုင်ရာ ပါတီရုံးတွေမှာပဲ စိုက်ထူခွင့် ရှိတယ်လို့ မွန်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်

က အသိပေးခဲ့တာပါ။ “ပါတီအလံတွေကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ ပါတီရုံးတွေမှာသာ ပါတီအလံတွေ ထောင်လို့ ရမှာဖြစ်တယ်ဆိုတာ ကျနော်တို့ ညွှန်ကြားချက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားထားတာဖြစ်ပါတယ်။ ဒါကိုလည်း ပါတီဝန်းရံထောက်ခံသူတွေကို သိရှိအောင်ပြောမှ အဆင်ပြေပါလိမ့်မယ်။ နောက်တခု ကားတွေမှာ ရ မရဆိုတဲ့ ကိစ္စကတော့ ပြည်ထောင်စုကို မေးမှ ဖြစ်မယ်။ တချို့ကျတော့ စတစ်ကာကမ်ပိန်း ကတော့ ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ စတစ်ကာကမ်ပိန်း အလံကို ဖြေနေတာ ဖြစ်ပါတယ်။ စတစ်ကာကမ်ပိန်းကိုတော့ ခွင့်ပြုပေးထားပါတယ်။ ”

နိုင်ငံရေး ပါတီအလံတွေကို သက်ဆိုင်ရာ ပါတီရုံးတွေမှာပဲ စိုက်ထူခွင့်ရှိတယ်လို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ပြီးခဲ့တဲ့ ၂၀၁၀ ကတည်းက ညွှန်ကြားထားတာပါ။ နိုင်ငံရေးပါတီတွေဟာ ပါတီမှတ်ပုံတင်ကတည်းက ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ ညွှန်ကြားချက်တွေကို လိုက်နာပါမယ်လို့ ခံဝန်ကတိ လက်မှတ်ရေး ထိုးထားကြပါတယ်။ http://burmese.dvb.no/archives/409796

*************

**၄။ ပလက်ဝပြည်သူများ ရွေးကောက်ပွဲစိတ်ဝင်တစားပါဝင်နိုင်ရန် စစ်ပွဲရပ်စဲပေးရန် KACC တောင်းဆို**

September 10, 2020

ပလက်ဝမြို့နယ်ရှိ ပြည်သူလူထုများ ၂၀၂၀ ရွေးကောက်ပွဲတွင် စိတ်ပါဝင်စားစွာ ပူးပေါင်း ပါဝင်နိုင်ရန် စစ်ပွဲများ ရပ်စဲပေးရန် ခူမီးချင်းအမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီမှ စက်တင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ချက် ထုတ်ခဲ့သည်။

ခူမီးချင်းအမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ မိုင်နန်းဝေက “ပလက်ဝမြို့နယ်က ချင်းပြည်နယ် ကိုးမြို့နယ်ထဲမှာ စစ်ဘေးသင့်နေတဲ့ နေရာဖြစ်နေတယ်၊ နောက်ပြီး ဒီကာလက ကပ်ဘေးစိန်ခေါ်ကာလလည်း ဖြစ်နေတော့ နဂိုကမှ စစ်ဘေးကြောင့် ရွေးကောက်ပွဲကို စိတ်မဝင်စားနိုင်တဲ့ အနေထားမှာ ရှိနေတဲ့ အချိန်မှာ စစ်ပွဲတွေကို ရပ်တန့်ပေးပြီးတော့ ရွေးကောက်ပွဲကျင်းပတဲ့ချိန်မှာ လူထုက စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်နိုင်ဖို့ တောင်းဆိုချင်တာ ဖြစ်တယ်” ဟုပြောသည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲကြီးကို ပလက်ဝမြို့နယ်အတွင်း ကောင်းမွန်စွာ ကျင်းပပြုလုပ်နိုင်ရန် အရေးကြီးဆုံးအချက်မှာ မဲဆန္ဒရှင်ပြည်သူများ၏ နယ်မြေတည်ငြိမ်အေးချမ်းရေးပင် ဖြစ်ကြောင်း ထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားသည်။ ခူးမီးအမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၏ ထုတ်ပြန်ချက်များထဲ တွင် မြန်မာ့တပ်မတော်နှင့် အေအေ အဖွဲ့ကြား တိုက်ပွဲများရပ်စဲပြီး အေအေ လက်နက်ကိုင် အဖွဲ့အနေဖြင့် ပလက်ဝ မြို့နယ်တွင် စစ်ရေးလှုပ်ရှားမှုများ ဒေသခံချင်းလူငယ်များကို ဖမ်းဆီး သိမ်းသွင်းခြင်းနှင့် ချင်းပြည်နယ် အစိုးရအနေဖြင့်လည်း ပလက်ဝမြို့နယ်တွင် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန် လိုအပ်သည့် လုံခြုံရေးအစီမံများ ပြင်ဆင်ထားရှိရန် ဒေသခံပြည်သူ များပေါ် စေတနာထား၍ ဝိုင်းဝန်းကြိုးစားပေးကြရန် တောင်းဆိုထားသည်။ https://www.chinworld.org/2020/09/10/%e1%80%95%e1%80%9c%e1%80%80%e1%80%ba%e1%80

*************

## ၅။ ရခိုင်ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေတဲ့အပေါ် စိုးရိမ်မကင်းဖြစ်ကြောင်း ကုလဌာနေကိုယ်စားလှယ်ပြော

11, September 2020

ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ် တောင်ပိုင်း ဒေသတွေမှာ ပဋိပက္ခတွေ ဆက်လက် ဖြစ်ပွားနေတာကြောင့် အရပ်သားတွေ သေဆုံးဒဏ်ရာရတာတွေ တိုးပွားလာသလို အိုးအိမ်မဲ့ စွန့်ခွာထွက်ပေးတွေများပြား လာတဲ့အတွက် အလွန်စိုးရိမ်မကင်း ဖြစ်မိတယ်လို့ ရန်ကုန်မြို့ ကုလသမဂ္ဂအဖွဲ့ရုံးက ဌာနေညှိနှိုင်းရေးမှူးနဲ့ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ola Almgren က ကြေညာချက် ထုတ်ပြန် လိုက်ပါတယ်။ အဲဒီ ပဋိပက္ခတွေတွေထဲ စက်တင်ဘာလ ၃ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲကြောင့် အရပ်သားတွေ သေဆုံး ဒဏ်ရာရရှိခဲ့ပြီး လူနေ အိမ်ခြေ ၁၀၀ မီးလောင် ပျက်စီးခဲ့ပြီး လူ ထောင်ပေါင်းများစွာ ထွက်ပြေးခဲ့ရတယ်လို့ လည်း Ola Almgren က ပြောပါတယ်။

မကြာခင်သေးခင် ရက်တုန်းကလည်း မြေပုံ မြို့နယ်မှာ ဗုံးဆံတွေ ကျရောက်တာကြောင့် လူပေါင်း ၂၀၀၀ လောက် အိုးအိမ်စွန့်ခွာခဲ့ရသလို ကလေးငယ် ၂ ဦး အပါအဝင် လူ လေးဦး သေဆုံးခဲ့ရကြောင်းနဲ့ ကလေးငယ် ၃ ဦး အပါအဝင် လူနောက်ထပ် ၁၄ ဦး ဒဏ်ရာရရှိခဲ့တယ်လို့လည်း ဒေသခံ သတင်းရင်းမြစ်တွေက ဖော်ပြထားတယ်လို့ ဆိုပါတယ်။ နိုင်ငံတကာ ဥပဒေအရ ပဋိပက္ခအတွင်း နစ်ဖက် တိုက်ခိုက်သူနေတွေ အနေနဲ့ အရပ်သားတွေကို အကာအကွယ်ပေးရမှာ ဖြစ်တာ ကြောင့် လူနေတဲ့အရပ်တွေထဲ ဖေါက်ခွဲရေး လက်နက်တွေ အသုံးမပြုဖို့ လိုအပ်ကြောင်း ကုလသမဂ္ဂက တိုက်တွန်းတောင်းဆို ထားပါတယ်။ https://burmese.voanews.com/a/rakhine-chin-conflict-un-representative-statement-/5579362

***************

## ၆။ နေရပ်ပြန်ဒုက္ခသည်များ၏ အတွေ့အကြုံဆိုင်ရာ အစီရင်ခံစာ ကရင်လူ့အခွင့်အရေးအဖွဲ့ ထုတ်ပြန်

September 10, 2020

ပြီးခဲ့သည့် နှစ်များအတွင်း ဒုက္ခသည်စခန်းများနှင့် ပြည်တွင်းစစ်ပြေးရှောင် စခန်းများမှ မိမိနေရပ်သို့ ပြန်သွား သော ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်များ၏ အတွေ့အကြုံဆိုင်ရာ အစီရင်ခံစာ တစ်စောင်ကို ကရင်လူ့ အခွင့် အရေးအဖွဲ့(KHRG)က ယနေ့ (စက်တင်ဘာလ ၁၀ရက်)တွင် ထုတ်ပြန်လိုက်သည်။ "မရေရာမှုများဆီသို့ လှမ်းဝင်ခြင်း" အမည်ဖြင့် ထုတ်ပြန် လိုက်သည့် အဆိုပါ အစီရင်ခံစာတွင် နေရပ်ပြန်သွားသော ဒုက္ခသည်များ ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည် ထူထောင် ရေးဆိုင်ရာ ဘဝအာမခံချက်နည်းပါးခြင်းဆိုင်ရာ အခက်အခဲများကို အဓိက ဖော်ပြ ရေးသားထားသည်။

KHRG၏ ဒါရိုက်တာ နော်ထူးထူးက "သူတို့(ဒုက္ခသည်)တွေအနေနဲ့ မြေယာ၊ ပညာရေး၊ အလုပ်အကိုင် အခွင့် အလမ်းတွေ တရားဝင် ရရှိဖို့အတွက် တရားဝင် စာရွက်စာတမ်းတွေ ဥပမာ မှတ်ပုံတင်တို့လိုမျိုးတွေ လိုတယ်။ ဒါပေမဲ့ ဒါတွေဟာဟာ နှောင့်နှေးနေတဲ့အတွက် သူတို့အနေနဲ့ ပြန်လည်ပေါင်းစည်းနေတဲ့အခါမှာ အခက်အခဲများ စွာတွေ့ရတယ်။ ဘာဖြစ်လဲဆို တော့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့မှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အဟန့်အတားတွေ ဖြစ်တာပေါ့။" ဟု ကေအိုင်စီသို့ ပြောသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး-UNHCR နှင့် ထိုင်း-မြန်မာ နှစ်နိုင်ငံအစိုးရ၏ အစီအစဉ်ဖြင့် ဒုက္ခသည်များအတွက် မိမိ ဆန္ဒအလျောက် နေရပ်ပြန်ရေး အစီအစဉ်များကို ပြီးခဲ့သည့် ၂၀၁၆ခုနှစ်တွင် စတင် ခဲ့ပြီး ထိုင်း-မြန်မာ နယ်စပ်ရှိ မြန်မာဒုက္ခသည်စခန်း (၉)ခုမှ နေရပ်ပြန်သူ တစ်ထောင်ကျော်ရှိခဲ့သည်။

၂၀၁၅ ခုနှစ် အတွင်း အစိုးရနှင့် KNU-ကရင်အမျိုးသားအစည်းအရုံးအကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးမှုနောက်ပိုင်း နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများအတွက် နေရပ်ပြန်ရေး အစီအစဉ်များ စတင်လာခဲ့သလို ဒုက္ခသည်စခန်းများအပေါ် ကူညီထောက်ပံ့မှုများလည်း လျော့နည်း လာခဲ့သည်။ ဒုက္ခသည်အချို့မှာ နေရပ်ပြန်ရေး အစီအစဉ်များတွင် ပါဝင်လာခဲ့ရပြီး မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သွားသူများလည်းရှိလာခဲ့သည်။ ၎င်းအပြင် နေရပ်ပြန်ဒုက္ခသည်များနှင့် စစ်ပြေးရှောင်များအတွက်လည်း ကေအဲန်ယူ ၊ အစိုးရ နှင့် ဂျပန် နိပွန် ဖောင်ဒေးရှင်းအဖွဲ့တို့၏ အစီအစဉ်ဖြင့် တန်ဖိုးနည်းအိမ်ရာများကို ဆောက်လုပ်လှူဒါန်းမှုများရှိခဲ့ပြီး နေရပ်ပြန်သူများထဲမှ အချို့သည် ၎င်းအိမ်နေရာများသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြရာတွင် စီးပွားရေး လုပ်ကိုင် စား သောက်မှု အခက်အခဲများ ကြုံတွေ့ရမှုများရှိကြောင်း နေရပ်ပြန်သူအချို့ထံမှ သိရသည်။ http://kicnews.org/2020/09/%e1%80%b1%e1%80%94%e1%80%9b%e1%80%95%e1%80%b9%e1%

***************

## ၇။ ကိုဗစ် ၁၉ ကာလ သျှမ်း ပြည်သူများ စားဝတ်နေရေး ခက်ခဲလာ

September 10, 2020

ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းမြင့်တက်လာပြီး စီးပွားရေးလုပ်ကိုင်ရန်ခက်ခဲသဖြင့် သျှမ်းပြည်သူများ စားဝတ်နေရေးအဆင် မပြေမှုများစတင် ကြုံတွေ့နေရကြောင်း စုံစမ်းသိရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကို မတ်လပိုင်းမှ စတင်ဖြစ်ပွားခဲ့ပြီး အလုပ်အကိုင်များ၊ လက်လုပ်လက်စားများဝင်ငွေခက်ခဲလာကြပြီး စီးပွားရေးများကျဆင်းလာပြီး သျှမ်းပြည်နယ်အတွင်းရှိ အခြေခံလူတန်းစားများ စီးပွားရေးကြပ်တည်းလာကြောင်းသိရသည်။ "အခု ကိုဗစ်ကာလမှာ ကျတော်တို့လိုင်ကားဆွဲရတာအဆင်မပြေဘူး။ အခေါက်ရည်လည်း မှန်အောင်မဆွဲ ရတော့ဘူး။ ခရီးသည်တွေလည်း အသွားလာကြဲ လာတယ်။ ကားသမားတွေကတော့ ဘာအထောက်ပံ့မှုလည်း မရဘူး" ဟု နမ့်တူ ကားသမားတဦး က သျှမ်းသံတော်ဆင့်ကိုပြောသည်။

"ပြည်နယ်တွင်းထဲကမြို့တွေကို တစ်နေရာနဲ တစ်နေရာသွားတာကန့်သတ်လိုက်တဲ့ အတွက် အခက်ခဲဖြစ်ပါတယ်။ မဲဆွယ်ကာလနဲ နီးနေပြီးဆိုတော့။ ဒီသွားလာရေး ကန့်ကွက်လိုက်တာက အဓိပါယ်မရှိဘူးလို့ ထင်မြင်တယ်" ဟု သီပေါမြို့နေထိုင်သူ တဦးဖြစ်သည့် နန်းလျန်းက ပြောသည်။ လက်ရှိမှာ တဖက်တွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမြင့်တက်မှုကြောင့် အသွားအလာကန့်သတ်မှုသည် ကျန်းမာရေးအရ နားလည်ပေးနိုင်သော်လည်း အစိုးရအနေဖြင့် ပြည်သူများကို ကြည့်ရှုပေးစေချင်ကြောင်း၊ နန်းလျန်းက ပြောသည်။ " ကျမတို့အခုဆိုရင် ဝင်ငွေမရှိဘူး။ ဆန်တွေ ချေးငှားစားနေရတယ်။ အစိုးရထောက်ပံ့တာတွေလည်း မရဘူး" ဟု ကျောက်မဲမြို့နယ် တွင် နေထိုင်သည့် နန်းအီ က ပြောသည်။

သျှမ်းပြည်တွင် နေထိုင်သည့် ပြည်သူများသည် စိုက်ပျိုးရေးကို အများစုလုပ်ကိုင်ကြပြီး၊ လက်ရှိမှာထွက်ကုန်များ ရောင်းချရန် ခက်ခဲသဖြင့် ဝင်ငွေများမရှိကာ စားဝတ်နေရေး အတွက် အခက်ခဲနေကြောင်းလည်း တန့်ယန်းမြို့တွင် နေထိုင်သည့် မိုင်းအိုက်ဆွယ် က သျှမ်းသံတော်ဆင့်ကို ပြောသည်။ " ကျနော်တို့ ဆီမှာတော့ အခု အစားအသောက်တွေ တော်တော်ခက်နေတယ်။ အစိုးရ ထောက်ပံ့မှုတွေလည်း ဘာမှ မရဘူး။ အလုပ်တွေမလုပ်ရတော့ အဆင်မပြေဘူး။ ရေရှည်မှာ ပိုခက်မယ်" ဟု မိုင်းအိုက်ဆွယ်က ပြောသည်။ https://burmese.shannews.org/archives/18418

**************

၆။ **ဦးဂါရွာသူကို အဓမ္မကျင့်သည့် တပ်မတော်သား ၃ ဦး၊ စစ်တရားရုံးဖွဲ့ စစ်ဆေး ပြစ်ဒဏ်ပေးမည်**

10 September, 2020

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ဦးဂါကျေးရွာမှ အမျိုးသမီး ၁ ဦးကို တပ်မတော်သား ၃ ဦးက အဓမ္မပြုကျင့် ခဲ့သည့် အပေါ်ကို စစ်တရားရုံးဖွဲ့ပြီး စစ်ဆေးကာ ပြစ်ဒဏ်ပေးမည်ဟု တပ်မတော်သတင်းပြန်ကြားရေးအဖွဲ့မှ ပြောရေး ဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောသည်။ ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာမှ အသက် ၃၇ နှစ်ရှိ အမျိုးသမီး ၁ ဦးအား တပ်မတော်သား ၃ ဦးမှ အဓမ္မပြု ကျင့်သည် ဆိုသည့် သတင်းမှာ မဟုတ်မှန်ကြောင်း တပ်မတော် သတင်းပြန်ကြားရေး အဖွဲ့က ဇူလိုင်လ ၂ ရက်နေ့က ထုတ်ပြန်ခဲ့သော်လည်း ၎င်းတို့ ၃ဦးကို စစ်ခုံရုံး ၂ ကြိမ်ဖွဲ့ စစ်ဆေးပြီးနောက် ၁ဦးမှ ဝန်ခံထွက်ဆိုသည့်အတွက် ယင်း အမှု မှန်ကန်ကြောင်း အတည်ပြု ပြောကြားလာခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက "ပထမ အဲဒီ စစ်သည်တွေကို စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့ စစ်ဆေးခဲ့တယ်။ ငြင်းဆန်တယ်။ ထပ်မံ စစ်ဆေးဖို့အတွက် အချက်အလက်တွေ ထပ်ပေါ်လာတယ်။ နောက်စုံစမ်း စစ်ဆေးရေး ခုံရုံးတခုလုပ်တယ်။ ထပ်မံစစ်ဆေး တဲ့အခါမှာ စစ်သည် ၁ ဦးကနေ စပြီးတော့ဝန်ခံလာတယ်။ ဝန်ခံတဲ့အတွက်ကြောင့် ဒါကိုဆောင်ရွက်လျှက်ရှိတယ်။ စစ် တရားရုံး ဖွဲ့ပြီး ဆောင်ရွက်လျှက်ရှိတယ်။ သူတို့ကို တပ်မတော် အက်ဥပဒေရော၊ တည်ဆဲနယ်ဘက် ဥပဒေတို့နဲ့အရေး ယူသွားလိမ့်မယ်" ဟု ဧရာဝတီသို့ ပြောသည်။

ထို့ကြောင့် အဆိုပါ ပြစ်မှုကျူးလွန်သူ တပ်မတော်သားများကို အရပ်ဘက်တရားရုံးသို့ လွှဲပေးမည် မဟုတ်ဘဲ စစ်တရား ရုံးဖွဲ့ကာ ၁၉၅၉ တပ်မတော် အက်ဥပဒေအရသော်လည်းကောင်း၊ နယ်ဘက်တည်ဆဲ ဥပဒေ အရသော်လည်း လည်းကောင်း အပြစ်ပေး အရေးယူလိမ့်မည် ဖြစ်ကြောင်း သိရသည်။ ထိုတိုင်ကြားချက်အပေါ် စစ်တွေမြို့မ ရဲစခန်းမှ ပ / ၃၅၅ / ၂၀၂၀၊ ရာဇသတ်ကြီး ပုဒ်မ ၁၁၄ ပူးပေါင်းပါဝင်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၃၆၆ မတရားသဖြင့် ကာမစပ်ယှက်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ မုဒိမ်းမှု စသည့် ပုဒ်မ များဖြင့် အမှုဖွင့်ထားသည်။ https://burma.irrawaddy.com/news/2020/09/10/229670.html

*************

၉။ **မံစီမြို့နယ် နမ်လင်းပါ (Nam Lim Pa) ဒေသခံများနေရပ်ပြန်ရေး နယ်မြေခံတပ်က ခွင့်မပြုသဖြင့် မပြန်နိုင်သေး**

September 8, 2020

ဗန်းမော်ခရိုင် မံစီမြို့နယ်ရှိ နမ်လင်းပါ (Nam Lim Pa) ကျေးရွာနေရပ်ပြန်နိုင်ရေးအတွက်ကြိုးပမ်းရာတွင် နယ်မြေခံ တပ်မတော်၏ ခွင့်ပြုချက်မရသောကြောင့် ယခုတိုင်စစ်ပြေးဒုက္ခသည်စခန်းတွင်ခိုလှုံနေရဆဲဖြစ်သည်ဟု ဆိုသည်။ နမ်လင်းပါစစ်ရှောင်များသည် ဗန်းမော်မြို့ရောဘတ်စစ်ရှောင်စခန်းတွင် အများဆုံးနေထိုင်ကြပြီး ၎င်းတို့အနေဖြင့် နေရပ်ပြန် ရေးအတွက်၂၀၁၇မှစကာ သက်ဆိုင်ရာဌာနများသို့ စာတင်ပြခဲ့ကြပြီးသက်ဆိုင်ရာဌာနများမှ နေရပ်ပြန်လည် နေထိုင်ရန် သဘောတူခဲ့ကြသော်လည်း နယ်မြေခံစစ်တပ်၏ ခွင့်ပြုချက်မရရှိသည့်အတွက် ယနေ့ထိရွာတွင်းဝင်ရောက်ခွင့်ပင် မရှိ ကြောင်း ရောဘတ်စစ်ရှောင်စခန်းမှ နမ်လင်းပါဒေသခံ ဆရာအင်ဒေါ်တန်ဂွန်း က ပြောသည်။

"ကျနော်တို့ ရွာပြန်ဖို့ နေပြည်တော်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်အဆင့်စာထည့်တယ်။ အဲဒါကိုအုပ်ချုပ်ရေးပိုင်းက ပြန်ဖို့ ခွင့်ပြုတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးတွေရွာမှာသွားပြီးလေ့လာတယ်။ အဲချိန်မှာရွာကနယ်ခံတပ်တွေနဲ့ညှိနိုင်းတယ်။

ဘယ်ချိန် ပြန်ခဲ့မယ်၊ ဘာဆက်လုပ်မယ်ဆိုတာကို ညှိနိုင်းတယ်။ ညှိနိုင်းလို့အဆင်ပြေလာသလိုဘဲ ရှိသေးတယ်။ အဲစခန်းက ပြောင်း သွားတယ် နောက်ပြောင်းလာတဲ့နယ်ခံတပ်ကို ပြောင်းသွားတဲ့စခန်းက ဘာမှမပြောပြထားဘူးလားမသိ။ စာတစ်ခါ ပြန်ထည့်ခိုင်းပြန်ပြီ။ ကျနော်တို့လည်း စာပြန်ထည့်တယ်။ ပြေလည်ခါနီးလာပြီဆိုရင် နောက်တစ်ခါ အဲစခန်းကလူတွေ ပြန်ပြောင်းသွားပြီ။ အဲလိုနဲ့ဘဲ ညှိလိုက် ပြန်ပြောင်းသွားလိုက်နဲ့ နောက်ဆုံးတော့ နေရပ်ပြန်ဖို့မပြောနဲ့ ရွာထဲဝင်ခွင့်တောင် မရှိဘူး။" ဟု ဆရာအင်ဒေါင်တန်ဂွန်းက ဆိုသည်။

အိမ်ခြေပေါင်း ၃၀၀ ကျော်ရှိသည့် နမ်လင်းပါကျေးရွာသည် ၂၀၁၁ ခုနှစ် တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA တို့ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့သည်မှာ ၉နှစ်ခန့်ရှိနေပြီဖြစ်သည်။ နမ်လင်းပါကျေးရွာမှ အိမ်ခြေ ၆၄ စုသည် လွန်ခဲ့သည့် မတ်လတွင် တဖန်စာတင်ထားသည့်အတွက် အဆိုပါစာကို လက်ရှိ နယ်လုံဝန်ကြီးအသစ်ထံစာဖြင့် ထပ်မံ နှိုးဆော်ပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။ လက်ရှိ ကချင်ပြည်နယ် တွင် စစ်ပြေးဒုက္ခသည်များ ပြန်လည်နေရာချထားရေးအတွက် တရုတ်နိုင်ငံမှ ယွမ် ၄ သန်း ထောက်ပံ့ပေးထားသည်။ https://burmese.kachinnews.com/2020/09/08/%e1%80%99%e1%80%b6%e1%80%85%e1%80%ae%e1

***************

၁၀။ **ချင်းပြည်နယ် စည်ပင်ဝန်ကြီးလိုက်ပါလာသည့် စက်လှေကို ပစ်ခတ်ခံရကြောင်းပြော**

September 10, 2020

ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးဦးစိုးထက် စီးနင်းလိုက်ပါလာသည့် စက်လှေအား စက်တင်ဘာလ ၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အေအေအဖွဲ့က လက်နက်များဖြင့် အနည်းဆုံး ၁၁ ချက်ခန့်ပစ်ခတ်ခဲ့ကြောင်း ခူမီချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ(KACC)က သတင်းထုတ်ပြန်ထားသည်။

ဦးစိုးထက်မှာ ရွေးကောက်ပွဲမဲဆွယ်ကာလအတွက် ပလက်ဝမြို့တွင်ရောက်ရှိနေခြင်းဖြစ်ပြီး စက်လှေသည် ကုလားတန်မြစ် အနောက်ဘက်ကမ်းရှိ ပလက်ဝမြို့ဆိပ်ကမ်းမှထွက်ခွာပြီး မြစ်အရှေ့ဘက်ကမ်းသို့ကူးလာစဉ် ပစ်ခတ်ခံရခြင်းဖြစ် ကာ ပစ်ခတ်မှုကြောင့် လူအထိအခိုက်မရှိခဲ့ကြောင်း ယင်းထုတ်ပြန်ချက်မှသိရသည်။ ဝန်ကြီးဦးစိုးထက်က "ဒီနေ့နေလည်ပိုင်းက ကျွန်တော်အပါအဝင် ပြည်နယ်အဆင့်အကြီးကဲတွေက ပလက်ဝ မြို့နယ်မှာရှိတဲ့ ကျေးရွာတွေကို စက်လှေနဲ့သွားတော့ လမ်းမှာအပစ်ခံရတာ။ စက်လှေမှာပါတာကတော့ လူ(၁၀) ကျော်ပါတယ်။ ဒဏ်ရာရတာတော့မရှိဘူး။ ပစ်တာကတော့ AA အဖွဲ့ကပစ်တာပါ။ အခုတော့ ပလက်ဝကို ရောက်ပါပြီ"  ဟု DMG သို့ ပြောသည်။

နေလည် ၁ နာရီကျော်တွင် ပလက်ဝဒေသအတွင်း တပ်မတော်နှင့် ရက္ခိုင့်တပ်တော် AA တို့ နာရီခွဲအကြာ တိုက်ပွဲဖြစ်ပွားမှု များရှိခဲ့ကြောင်း ဝန်ကြီးဦးစိုးထက်က ဆက်ပြောသည်။ ရက္ခိုင့်တပ်တော်(AA)အား ဆက်သွယ်မေးမြန်းမှုကို ဥပဒေအရ တားမြစ်ထားသဖြင့် ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး AA ၏ တုန့်ပြန်ချက်ကို မရရှိနိုင်ပေ။ လာမည့် နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမည့် ပလက်ဝ မြို့နယ်မှ လွှတ်တော်ကိုယ်စား လှယ်လောင်းများ၏ လုံခြုံရေးအပါအဝင် ပလက်ဝမြို့နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် များစွာစိုးရိမ်မကင်း ဖြစ်ရကြောင်း KACC မှ ထုတ်ပြန်ထားသည်။ https://www.bnionline.net/mm/news-75411

***************

## ၁၁။ သစ်ထုတ်လုပ်မှုကြောင့် မြစ်ဆုံဒေသခံများ သောက်သုံးရေအတွက် အခက်အခဲဖြစ်လာ

September 11, 2020

မြစ်ကြီးနားမြို့မြောက်ဘက် မြစ်ဆုံဒေသ တန်ဖရဲကျေးရွာဒေသခံများ သောက်သုံးနေသည့် တောင်ကျချောင်းတစ်လျှောက် သစ်ထုတ်လုပ်မှုများကြောင့်ကျေးရွာအတွင်း သောက်သုံးရေ ရရှိရန်ခက်ခဲလာသည်ဟု ဒေသခံများဆိုသည်။ အင်ခိုင်ဘွမ် တောင် ခြေအောက်တွင် စီးဆင်းနေသော ခကန်ခ (Hka Kan Hka) တောင်ကျချောင်း အနီးတဝိုက်ရှိ သစ်များကို လုပ်ငန်းရှင်တချို့ကခုတ်ထွင်မှုများရှိခဲ့သောကြောင့် ကျေးရွာအတွက်သောက်ရေဖြစ်သော သဘာဝချောင်းရေကို ဖျက်စီးလာ နေသည်ဟု တန်ဖရဲကျေးရွာ၏ ခရစ်ယာန် ကတ်သလစ်ဘုန်းတော်ကြီး ဖာသာရ်ဆွတ်အောင် က ပြောသည်။

"ဒီနှစ်မှာက ကျေးရွာအတွင်းရေအခက်အခဲရှိလာတယ်။ အရင်တုန်းကလိုမဟုတ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ချောင်းရဲ့ အထက်ဘက်မှာ နှစ်တိုင်းသစ်များကို ဖြတ်ခုတ်တာတွေပြုလုပ်နေတယ်။ အဲ့ဒီသစ်တွေကို ချောင်းအလယ် က ဖြတ်ပြီး ထုတ်ယူကြတယ်။ အဲ့လိုလုပ်တော့ရေတွေနောက်လာတယ်။ တစ်ခါတစ်လေကျရင် ရွံ့ရေတွေသုံးရတယ်။ ကိုယ်တိုင်သုံးဖို့ဆို ၂ခေါက်လောက် ရေပြန်စစ်ရတယ်။ အခုမိုးတွင်းမှာတောင် ကျေးရွာအတွင်းရေပြဿနာတွေရှိနေပြီ။ လာမယ့်နွေရာသီဆိုရင် ဘယ်လိုလုပ်ကြမလဲ ပိုခက်ခဲလာဖို့ပဲ ရှိတယ်" ဟု ပြောဆိုသည်။ အဆိုပါ ခကန်ခ ချောင်း၏ ချောင်းတဝိုက်အနီးမှာ စိုက်ခင်း လုပ်ငန်းဆောင်ရွက်နေသည့် တစ်ဦးပိုင် လုပ်ငန်းရှင်အများက စိုက်ခင်းဆောင်ရွက်နေခြင်းနှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်း များလည်းရှိနေကြောင်း ဆက်လက်ပြောဆိုသည်။

"လုပ်ငန်းရှင်တစ်ဦးက ရေယူနေတဲ့ အနီးမှာ သူ့ရဲ့စိုက်ခင်းအတွက် မြေဖို့တာတွေလုပ်နေတယ်။ အဲ့လိုလုပ်တော့ မိုးရွာတဲ့အခါ မှာ ချောင်းထဲစီးဝင်လာတော့ ရေတွေနောက်တယ်။ နောက်အဲ့မှာဘဲ ဒေသခံညီကို တစ်ဦးကလည်း ကျွဲ၊ နွား၊ ဆိတ်ကအစ အိမ်မွေးတိရစ္ဆာန်လုပ်ငန်းတွေ မွေးမြူရေးလုပ်နေတယ်။ အဲ့လိုလုပ်တော့ ချောင်းညစ်ရမ်းမှုတွေဖြစ်တယ်။ အခုဆိုရင် ချောင်းရေလမ်းလည်း အရင်တုန်းကထက်ပိုပြီး ကျဉ်းသွားပြီ။ ဒါကြောင့် ဆက်မလုပ်ဆောင်ပေးဖို့ တောင်းဆို ချင်တယ်" ဟုဆိုသည်။

ဒေသခံပြည်သူများအသုံးပြုနေသည့် သောက်ရေ၏ ချောင်းဖျားပိုင်းတွင် သစ်တောပြုန်းတီးမှုများဖြစ်စေပြီး ရေအရင်းအမြစ် ကုန်ခမ်းသွားမည်ကို စိုးရိမ်ကြောင်း တန်ဖရဲဒေသခံ ဦးနန်အောင် က ပြောသည်။ "ချောင်းအနီးတစ်ဝိုက်မှာ နွေရာသီတုန်းက သစ်ခုတ်တာတွေ အနည်းအကျဉ်းက မြင်တွေ့ရတယ်။ သိပ်မပြောရဲဘူး။ ဒါပေမယ့် အဲ့လိုပုံမှန်လုပ်နေရင် ချောင်းရေတွေ ခမ်းသွားမှာ စိုးရိမ်မိတယ်။ ဘာကြောင့်လဲဆိုတော့ ဒေသခံတွေက ဒီချောင်းတစ်ခုတည်းကိုဘဲ အသုံးပြုနေတာ ဖြစ်တယ်" ဟု ပြောဆိုသည်။ https://burmese.kachinnews.com/2020/09/11/%e1%80%9e%e1%80%85%e1%80%ba%e1%80%91%e1

****************

## ၁၂။ ရခိုင်ပြည်နယ်အရေးကို နိုင်ငံရေးနည်းဖြင့် စားပွဲဝိုင်းတွင် ဖြေရှင်းကြရန် ကရင်အမျိုးသားပါတီတိုက်တွန်း

September 10, 2020

ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပွားနေသည့် အခြေအနေများနှင့်ပတ်သက်၍ နစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းလုပ် ဆောင်ပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် စားပွဲဝိုင်းတွင် ဖြေရှင်းကြရန် ကရင်အမျိုးသားပါတီ -KNP က သဘော ထားကြေညာချက်တစ်စောင်ထုတ်ပြန်ပြီး တိုက်တွန်းလိုက်သည်။ ကိုဗစ်လူနာဦးရေမြင့်တက်လာမှုများအပြင် ရခိုင်ပြည်နယ် အတွင်း ဆက်လက်ဖြစ်ပွားနေသည့် မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော် -AA တို့အကြား စစ်ရေးပဋိပက္ခများကြောင့် ရခိုင်ပြည်နယ်တွင်းနေ လူထုများ၏ ဆင်းရဲ ဒုက္ခကြုံတွေ့နေရ မှုများအပေါ် KNPက စက်တင်ဘာလ ၉ ရက်နေ့တွင် ထိုသို့ သဘောထားကြေညာချက်တစ် စောင်ထုတ်ပြန်လိုက်ခြင်း လည်းဖြစ်သည်။

"ရခိုင်ဆိုတာကလည်း ကိုယ့်တိုင်းရင်းသားမျိုးနွယ်တွေဖြစ်တယ်။ မြန်မာပြည်မှာ အတူတူနေထိုင်နေကြတဲ့ တိုင်းရင်းသားတွေဖြစ်တော့ ရခိုင်အရေးဟာလည်း ကိုယ့်တိုင်းရင်းသားအရေးဖြစ်ပါတယ်။ ကိုယ့်အရေးလိုသဘောထားပြီး သူတို့အတိဒုက္ခရောက်နေချိန်မှာ သဘောထားထုတ်ဖော်ပေးလိုက်ခြင်းအားဖြင့် သူတို့အတွက်လည်း အားတစ်ခုဖြစ်စေတယ်" ဟု KNP ပါတီအတွင်းရေးမှူး (၁) မန်းမင်းရဲထွေးက ကေအိုင်စီသို့ ပြောသည်။

၂၀၁၈ ခုနှစ်မှစတင်ပြီး ရခိုင်နှင့်ချင်းပြည်နယ်များအတွင်း ဖြစ်ပွားသည့် စစ်ရေးပဋိပက္ခများကြောင့် အရပ်သား ၂၈၉ ဦးသေဆုံးကာ ကလေးငယ်များအပါအဝင် ထိခိုက်ဒဏ်ရာရရှိသူ ၆၄၁ ဦးရှိကြောင်း RFA ၏ သတင်းမှတ်တမ်းများအား ကိုးကားထားသည့် Save The Children ၏ စက်တင်ဘာလ ၁၀ ရက်နေ့ သတင်းထုတ်ပြန်ထားမှုများအရ သိရသည်။
http://kicnews.org/2020/09/%e1%80%9b%e1%80%81%e1%80%ad%e1%80%af%e1%80%84%e1%80

*************

၁၃။ **စည်းရုံးရေး အတွင်းအငြင်းပွားမှု မဖြစ်စေရန် မဲဆွယ်ခရီးစဉ် စာတင်ရ**

September 10, 2020

၂၀၂၀ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တွင် အငြင်းပွားမှု မဖြစ်စေရန်အတွက် ပါတီကိုယ်စားလှယ်လောင်း များအနေဖြင့် မဲဆွယ်စည်းရုံးရေးသွားမည့် နေရာကို ကြိုတင်ပြီး ရွေးကောက်ပွဲ ကော်မရှင်ထံ စာတင်ထားရ ကြောင်း သိရသည်။ စက်တင်ဘာ (၈) ရက်မှ စတင်ကာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီ အသီးသီးကို တရားဝင် မဲဆွယ် စည်းရုံးရေး စတင်ခွင့် ပြုလိုက်သည်။

"မဲဆွယ်တဲ့ ခရီးစဉ်တွေကို တစ်နေရာသွားပြီး ထပ်မှာစိုးလို့ အဲ့လိုထပ်ပြီးရင် တစ်ဖွဲ့နဲ့တစ်ဖွဲ့ အငြင်းပွားစရာ ဖြစ်လာမှာဆိုးလို့ ကြိုတင်ပြီး စာတင်ခိုင်းတာပါ။ စာတင်ပြီးမှ ကော်မရှင်က အဲ့ဒါမှ သိမှာပေါ့။ ပါတီတွေက အများကြီးဆိုတော့ သူ့အလှည့် ကိုယ့်အလှည့် အဆင်ပြေအောင် သွားရတာပေါ့။" ဟု သျှမ်းပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထင်ကျော် က သျှမ်းသံတော်ဆင့် ကိုပြောသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ် စည်းရုံးသည့် နေရာတွင် တစ်ပါတီ နှင့် တစ်ပါတီ မထပ်စေရန်အတွက် ကြိုတင်ပြီး မဲဆွယ် စည်းရုံးမည့် လမ်းကြောင်းကို လိုက်လျောညီထွေမှုရှိအောင် ကြိုတင် မဲဆွယ် စည်းရုံးခွင့် လျှောက်ထားရခြင်း ဖြစ်ကြောင်း ဦးထင်ကျော် က ထပ်လောင်းပြောသည်။

"စာတွေတင်ဖို့ ကျနော်တို့ plan ဆွဲထားပါတယ်။ ကျနော်တို့အတွက်က ဒီလောက်ကြီး အခက်ခဲမရှိပါဘူး။ Plan ဆွဲထားပြီးတော့ တင်ရုံပဲ ရှိတာပါ။" ဟု မူဆယ် မဲဆန္ဒနယ် အမှတ်(၂) မှာ ဝင်ရောက်ယှဉ်ပြိုင်မည့် SNLD ကိုယ်စားလှယ်လောင်း ဦးစိုင်းကျော်ဝင်း က သျှမ်းသံတော်ဆင့် ကိုပြောသည်။ ပါတီစည်းရုံးရေးဆင်းခွင့် လျှောက်ထားရာမှာ ဘယ်နေ့ ဘယ်ရက်မှာ ဘယ်မြို့နယ် ဘယ်ကျေးရွာ မှာ စည်းရုံးရေး ဆင်းမည်ဆိုတဲ့ ခရီးစဉ်အကြောင်းကို ကြိုတင်ပြီး စာတင်ရခြင်း ဖြစ်သည်။ စက်တင်ဘာ ၁၄ ရက် ထိ နောက်ဆုံးထားပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရုံးများတွင် တင်ပြသွားရန် နှင့် အချိန်ကျော်လွန် တင်ပြသော မဲဆွယ်စည်းရုံးခွင့် လျှောက်လွှာများအား ခွင့်ပြုပေးမည် မဟုတ်ကြောင်း သိရသည်။
https://burmese.shannews.org/archives/18416

***************

## ၁၄။ ထွက်ပြေး အကျဉ်းသားများ ဖမ်းမမိသေးသည့်အတွက် ဒေသခံများစိုးရိမ်

September 10, 2020

ဖားအံမြို့ သံလွင်တံတားအနောက်ဘက်ခြမ်းရှိ မာလာဖူးတောင်၊ ကုန်ထုတ်လုပ်ရေးစခန်းမှ ထွက်ပြေးသွား သည့် အကျဉ်းသား ၄ ဦးကို ပြန်မဖမ်းမိသေးသည့်အတွက် အနီးနားရှိ ကျေးရွာများမှ ဒေသခံများ သတိထား စိုးရိမ်နေရသည်ဟု ၎င်းတို့က ကေအိုင်စီသို့ပြောသည်။ ယခုလို ထောင်သားများ ထွက်ပြေးသည့်အတွက် ညအချိန်ကျေးရွာအတွင်း ဝင်လာတတ်သည့်အတွက် လက်ရှိ အလွန်သတိထားပြီးနေရကြောင်း မြိုင်ကလေးတွင်နေထိုင်သည့် ဒေါ်အေးစိန်က ကေအိုင်စီသို့ ယခုလို ပြောသည်။ “ အခုရွာမှာ ညဘက် ကင်းလှည့်နေရတယ်။ ဘာလို့လဲဆိုတော့ ထွက်ပြေးသွားတဲ့ထောင်သားတွေက ဘာမှ မပါသွားဘူးလို့ကြားတယ်။ ရွာကဆိုင်ကယ်တို့ဘာတို့ လာခိုးမှာကို စိုးရိမ်နေတယ်။” ဟု လှာကာကျေးရွာ ရာအိမ်မှူး စောကွားကွာက ကေအိုင်စီ စက်တင်ဘာ၁၀ရက်နေ့တွင် ပြောသည်။

ယခုလို အကျဉ်းသားများ ထွက်ပြေးသွားမှုအပေါ်အနီးရှိ ကျေးရွာအနီးနားတစ်ဝိုက်တွင် မသင်္ကာသူများတွေ့ရှိပါက သတင်းပို့ရန် ကျေးရွာအုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ပြောဆိုထားကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများက ပြောသည်။ ထွက်ပြေးလွတ်မြောက်သည့် အကျဉ်းသား ၄ ဦးသည် ခိုးမှု၊ ဓားပြမှုနှင့် လူသတ်မှုကြောင့် ထောင်ကျခံထားရသူများဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးမှ ၃ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး တစ်ဦးပါဝင်ကြောင်း သိရသည်။ အဆိုပါ ထွက်ပြေးသည့် အကျဉ်းသား ၄ဦးကို ပြန်လည်ဖမ်းမိရေးအတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့အပြင် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်(BGF)နှင့် နယ်မြေခံ KNU/KNLA-PC အဖွဲ့တို့နှင့်ပူးပေါင်းပြီး နယ်မြေ အတွင်းရှိ တောင်ခြေအနီးနှင့် အနီးနားရွာများတွင်လည်း ရှာဖွေလျက်ရှိသည်။
ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် စတင်ဘာလတွင်လည်း ဖားအံတောင်ကလေးအကျဉ်းထောင်မှ အကျဉ်းသား ၄၁ ဦး ထွက်ပြေး သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။ http://kicnews.org/2020/09/%e1%80%91%e1%80%bc%e1%80%80%e1%80%b9%e1%80%b1%e1%

**************

## ၁၅။ ကယားပြည်နယ်သို့ အဝင်အထွက် ယာဉ်လိုင်းများအားလုံး ယာယီရပ်ဆိုင်းမည်

September 11, 2020

ကယားပြည်နယ်သို့ ဝင်ထွက်သွားလာနေသည့် ခရီးသည်တင်ယဉ်လိုင်း အားလုံးကို စက်တင်ဘာ ၁၂ ရက်မှ ၃၀ ရက်နေ့အထိ ယာယီ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကယားပြည်နယ် ပုဂ္ဂလိက မော်တော်ယာဉ် လုပ်ငန်းများ စနစ်တကျ ကြီးကြပ်ရေး ကော် မတီ အမှုဆောင်အဖွဲ့ ဥက္ကဌ ဦးစံအေးက ပြောသည်။

အဆိုပါ ကိစ္စကို ပြည်နယ် အစိုးရမှ ညွှန်ကြားခြင်းဖြစ်ကာ ကုန်တင်ယာဉ်များ ခရီးသည်တင်အဝေးပြေးယာဉ်များ ပြည် နယ်အတွင်း ပြေးဆွဲနေသည့်ယာဉ်များအားလုံးပါဝင်ကြောင်း ညွှန်ကြားချက်တွင် ဖော်ပြထားပြီး ကယားပြည်နယ်တွင် ယာဉ်လိုင်းပေါင်း ၇၀ နီးပါးရှိကြောင်း သိရသည်။

ပြည်နယ်အတွင်းသို့ ရောက်ရှိလာသည့် ကုန်တင်ယာဉ်များအား သက်ဆိုင် ရာ နေရာများသို့ တိုက်ရိုက် ပို့ဆောင်ခြင်း မပြုဘဲ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၂ ဦးအား လွိုင်ကော်မြို့ ဒေါ်ဥခူ ရပ်ကွက်ရှိ အထက ( ၆ ) ယာဉ်ရပ်နားစခန်းတွင် သီးသန့်ထားရှိပြီး သက်ဆိုင်ရာ ကုန်သည်များမှ လာရောက် သယ်ယူသည့် စနစ်ဖြင့် ဆောင်ရွက်ရန်ညွှန်ကြားချက် တွင်ပါရှိသည်။

ကွာရတင်း ဝင်ရမည့် သူများအနေဖြင့် စားစရိတ် တစ်ရက် ၂၈၀၀ နှုန်းဖြင့်၂ပတ်စာ ၃၉၀၀၀ ကျပ်ကို ကျခံရမည်ဖြစ်ကြောင်းဦးစံအေးက ပြောသည်။ ယခုကဲ့သို့ ယာဉ်လိုင်းများ ယာယီရပ်ဆိုင်းလိုက်သဖြင့် ဝင်ငွေအပေါ် မှီခိုနေသည့် ဝန်ထမ်းအချို့ အခက်အခဲနှင့် ကြုံတွေ့ရနိုင်ကြောင်း လွိုင်ကော်မြို့ ရွှေရာဇာ ယာဉ်လိုင်း ယာဉ်လိုင်း ဂိတ်မှူး ဦးအောင်သန်းစိန်က ပြောသည်။ ပြင်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများနှင့် ကယားပြည်နယ်မှအပ အခြား ပြည်နယ်၊ တိုင်းဒေသကြီး များမှ ဝင်ရောက်လာ သူအား လုံး ( Community Based Facility Quarantine ) ၁၄ ရက် နေထိုင်ရန် ဓါတ်ခွဲ နမူ နာ (၁) ကြိမ် ရယူ ရန်နှင့် Home Quarantine (၇)ရက် နေထိုင်ရန် ပြည်နယ် အစိုးရက ညွှန်ကြားထားသည်။ http://www.mizzimaburmese.com/article/73301

***************

၁၆။ **ရေးမြို့နယ်၌ လူသတ်ပြီး ရွှေထည်ပစ္စည်းယူဆောင်သွားသူကို ဖမ်းမိ**

11 September 2020

မွန်ပြည်နယ် ရေးမြို့နယ် ဒူးယားကျေးရွာ အမှတ်(၂) တောင်ပိုင်းရပ်ကွက်က နေအိမ်တလုံးမှာ အသက် ၄၂ နှစ်အရွယ် အမျိုးသမီးတဦးအားသတ်ပြီး ကျပ်သိန် ၉၀ တန်ဖိုးရှိ စိန်ရွှေနဲ့ဟန်းဖုန်းတွေ ယူသွားတဲ့သူကို ဖမ်းဆီးမိပြီလို့ ရဲတပ်ဖွဲ့က ပြောပါတယ်။ စည်သူမင်း (ခ) ထွန်းလင်းငယ်ဟာ အခင်းဖြစ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်ခဲ့ရာမှ မော်လမြိုင်မြို့ ဒေါင်းဇရပ် ရပ်ကွက်၊ တာဝါ တိုင်အနီး မုဒုံ-မော်လမြိုင်သွားကားလမ်းမှာ နေ့လယ် ၂ လောက် မွန်ပြည်နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့တာပါ။

အသတ်ခံရတဲ့ ဒေါ်ကြည်ဝင်းဟာ အသက် ၁၃ နှစ်ရှိ သမီးနဲ့ အသက် ၅ နှစ်ခန့်ရှိ သားဖြစ်သူတို့နဲ့ နေအိမ်အောက်ထပ်မှာ ညအိပ်နေစဉ် လွန်ခဲ့တဲ့ ၁၀ ရက်လောက်က နေအိမ်မှာ ကားမောင်းဖို့ ခန့်ထားတဲ့ အလုပ်သမား စည်သူမင်း(ခ) ထွန်းလင်းငယ်က သတ်ပြီး ပစ္စည်းတွေ ယူဆောင်သွားတာပဲဖြစ်ပါတယ်။ ဒေါ်ကြည်ဝင်းဟာ လည်ပင်းမှာ ၄ လက်မခန့် ဒဏ်ရာ ၁ ချက်၊ ဝဲဘက်နား နောက် ၅ လက်မ ခန့် ဒဏ်ရာ ၁ ချက် ရရှိပြီး သေဆုံးခဲ့တာပါ။ ဖြစ်စဉ်နဲ့ပတ်သက်လို့ မုပွန်နယ်မြေရဲစခန်းမှာ လူသတ်တရားခံ စည်သူမင်း(ခ) ထွန်းလင်းငယ်ကို ယာယီထိန်းသိမ်းထားရှိပြီး ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမယ်လို့ ဆိုပါတယ်။ http://burmese.dvb.no/archives/409810

**************

## ၁၇။ ကရင်ပြည်နယ်မှာ တစ်သီးပုဂ္ဂလ ၂၃ ဦး ရွေးကောက်ပွဲဝင်မည်

September 10, 2020

လာမယ့် အထွေထွေရွေးကောက်ပွဲအတွက် ကရင်ပြည်နယ်အတွင်း မဲဆန္ဒနယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၂၃ ယောက် ရှိပါတယ်။ ကရင်ပြည်နယ်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်နဲ့ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် စုစုပေါင်း ၃၆ နေရာမှာ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၂၃ ယောက် ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ။

လှိုင်းဘွဲ့မြို့နယ်၊ ပြည်နယ်လွှတ်တော်၊ မဲဆန္ဒနယ်အမှတ်(၁) မှ ဝင်ရောက်ယှဉ်ပြိုင်မယ့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း စောသက်နိုင်(ခ)မူလျာဝေါ်က လက်ရှိ ပြည်နယ်အစိုးရရဲ့ လုပ်ဆောင်ချက်တွေအပေါ် အားမရတဲ့အတွက်ကြောင့် ဝင်ရောက်ယှဉ်ပြိုင်တာလို့ ပြောပါတယ်။ "တစ်သီးပုဂ္ဂလ ဘာကြောင့်လူတွေက ကျနော့်အထင် တော့ ဝင်ပြိုင်ရတာလဲဆိုတော့ လူတွေအားလုံးက သတ္တိရှိလာတယ်။ အခုအုပ်ချုပ်တဲ့ လူတွေကို အားမရတာလည်းပါတယ်။ အုပ်ချုပ်တဲ့ သူတွေလည်း ပြည်နယ်အတွက် မဖြေရှင်းနိုင်တာတွေ အများကြီးရှိတယ်။ဒါကြောင့် အားမရတဲ့အတွက် ပြည်နယ်အတွက် ဝင်ပြိုင်တယ်" ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၁၄ နေရာရှိတဲ့အထဲက အားလုံးနီးပါးမှာ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း တွေ ဝင်ရောက်ယှဉ်ပြိုင်တာပါ။

၂၀၁၅ ရွေးကောက်ပွဲကနေ ဖြစ်ပေါ်လာတဲ့ လက်ရှိကရင်ပြည်နယ် လွှတ်တော်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ် ၁၃ ယောက်၊ တပ်မတော်သား ကိုယ်စားလှယ် ခြောက်ယောက်၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက သုံးယောက်၊ ကရင်ပြည်သူ့ပါတီက တစ်ယောက် စုစုပေါင်း ၂၃ ယောက် ရှိပါတယ်။ လွှတ်တော်ထဲမှာ ပါတီနောက်ခံရှိတဲ့ ကိုယ်စားလှယ် တွေနဲ့ နှိုင်းယှဉ်ရင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေရဲ့ အဆိုတွေအပေါ် ထောက်ခံမှုရဖို့ အားနည်းနိုင်တာကြောင့် မိတ်ဖက်တွေ ရအောင်ကြိုးစားဖို့ လိုအပ်တယ်လို့ ကရင်ပြည်နယ် ၈၈ ကျောင်းသားမျိုးဆက် အဖွဲ့က ဦးမြင့်အောင်က တိုက်တွန်းပါတယ်။

တစ်ပြည်နယ်လုံးမှာဆိုရင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေ အပါအဝင် ကိုယ်စားလှယ်လောင်း ၂၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲကနေ သိရပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် နိုင်ငံရေးပါတီပေါင်း ၁၄ ပါတီရှိပြီး ပြီးခဲ့တဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာတော့ နိုင်ငံရေးပါတီပေါင်း ၁၈ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ https://www.rfa.org/burmese/news/2020-election-kayin-state-091020200202 10.html

***************

## ၁၈။ ရွေးကောက်ပွဲတွင် ညွန့်ပေါင်းအစိုးရ ဖြစ်ပေါ်လာနိုင်ဟု မွန်နိုင်ငံရေးလေ့လာသူအချို့ သုံးသပ်

September 10, 2020

လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင်အင်အားကြီး ပါတီများအနေဖြင့် မဲအပြတ်အသတ်အနိုင်ရရှိမည့် အလားအလာမတွေ့မိသဖြင့် ညွန့်ပေါင်း အစိုးရတစ်ရပ် ပေါ်ပေါက်လာနိုင်သည်ဟု မွန်နိုင်ငံရေးလေ့လာသုံးသပ်သူ နိုင်ဗညားဂျေ့က ပြောသည်။

"NLD ပါတီလည်း သောင်ပြိုကမ်းပြို မဖြစ်နိုင်တော့ဘူး။ ပြည်ခိုင်ဖြိုးပါတီကိုရော၊ တိုင်းရင်းသားပါတီတွေကိုပါ သတိထားနေရတဲ့ အနေအထားပါ၊ ဒီအတိုင်းပါပဲ ပြည်ခိုင်ဖြိုးပါတီကလည်း အစိုးရဖွဲ့နိုင်လောက်တဲ့အနေအထား မမြင်မိဘူး၊ ဒါကြောင့် တိုင်းရင်းသားပါတီတွေပါဝင်တဲ့ ညွန့်ပေါင်း အစိုးရတစ်ရပ်ပေါ်ပေါက်လာနိုင်တယ်" ဟု ၎င်းကဆိုသည်။

လက်ရှိ NLD အစိုးရ လက်ထက် ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ရလာဒ်ကောင်းများ ပေါ်ထွက်နိုင်ခြင်းမရှိသည့်အတွက် NLD အပေါ် တိုင်းရင်းသားများ ယုံကြည်မှုကျဆင်းလာကြောင်း နိုင်ဗညားဂရော့ က ဆိုသည်။ အလားတူ ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် အင်အားကြီးပါတီများကသာ အစိုးရဖွဲ့နိုင်ခဲ့သော်လည်း တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးကို အပေါ်ယံဟန်ပြလောက်သာဖော်ဆောင်ပြသနိုင်ခဲ့ပြီး ယုံကြည်မှုကို မတည်ဆောက်နိုင်ခဲ့ဟု မွန်စာရေးဆရာအသင်းဉက္ကဋ္ဌ နိုင်အောင်ဇနက ဆိုသည်။ "ငြိမ်းချမ်းတဲ့ပြည်ထောင်စုကို တည်ဆောက်မယ်လို့ ပြောနေပေမယ့်လည်း မရနိုင်ပါဘူး။ လက်ရှိ အာဏာရပါတီကို ဗမာအချင်းချင်းတောင် လက်မခံနိုင်ဘူးဆိုရင် တိုင်းရင်းသားလူမျိုးတွေ အချင်းချင်းပူးပေါင်းသွားဖို့ လိုတယ်" ဟု နိုင်အောင်ဇနက ဆိုသည်။

လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ညွန်ပေါင်းအစိုးရအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က စဉ်းစားထားခြင်းမရှိကြောင်း ပြောဆိုထားသည်။ နိုင်အောင်ဇနက "တိုင်းရင်းသားတွေအနေနဲ့ မိမိလူမျိုးထဲက ကိုယ်စားလှယ်လောင်းတွေကိုပဲ မဲပေးမယ်ဆိုရင် အဲဒီပြည်နယ်မှာ လွှတ်တော်အမတ် များများရမယ်ဆိုရင် အဲဒီအမတ်တွေက သူ့ပြည်နယ်အတွက် အကျိုးပြုလုပ်ငန်းတွေကို ဦးစားပေးပြီးတော့ ပိုလုပ်လို့ရတယ်။ သူ့ပြည်နယ်နဲ့သူ တိုးတက်ဖို့ ရှိလာမယ်" ဟု သုံးသပ်သည်။ ညီညွတ်သော ဒီမိုကရေတစ်ပါတီ တို့က (၄၅) နေရာ နေရာပြည့် အပါအဝင် ပါတီ ၁၇ ပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလောင်း ၃၀၂ ဦးတို့မှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်အရွေးခံကြမည်ဖြစ်သည်။ https://www.bnionline.net/mm/news-75422

***************

၁၉။ **မြစ်ကြီးနားမှ ပိုးတွေ့လူနာနှင့်ထိစပ်ခဲ့သူပေါင်း အယောက် ၃၀ ကျော်ရှိ**

September 9, 2020

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ပိုးတွေ့လူနာဖြင့် ထိစပ်ခဲ့သူများကို စုံစမ်းရာ အယောက် ၃၀ ကျော်ရှိနေကြောင်း ပြည်နယ် Covid-19 ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးနှင့်ကော်မတီမှ သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စက်တင်ဘာ ၈ ရက်ည ၈နာရီအချိန်ထုတ်ပြန်သည့်စာရင်းအရ မြစ်ကြီးနားမြို့တွင် ပိုးတွေ့လူနာတစ်ဦးရှိခဲ့ပြီး ၎င်းနဲ့ထိစပ်ခဲ့သည့်သူများကိုစုံစမ်းရာအိမ်နီးပတ်ဝန်းကျင်မှ ၉ ဦးနှင့် မန္တလေး-မြစ်ကြီးနား ရထားအတူ စီးခဲ့သည့်သူ ၂၀ဦးရှိကြောင်း Covid-19 အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဒုညွှန်ကြားရေးမှူး ဦးတင့်နိုင်က ပြောသည်။ "ပထမတုန်းကတော့ သူနဲ့ဆက်စပ်တဲ့ ၃ယောက်ကို Q ဝင်ခိုင်းထားတယ်။ မနေ့ညကျန်းမာရေးဌာနကနေ ပိုးရှိကြောင်း အတည်ပြုလိုက်တာနဲ့ ဒီမနက်ကနေပြီး စုံစမ်းတာ သူနေခဲ့တဲ့အိမ်နားမှာ ၉ ဦး၊ ပြီးတော့သူနဲ့ရထားစီးခဲ့တာကျတော့ ၂၀ ဦး၊ နောက်ပြီး ဘူတာကနေ သုံးဘီးဌားစီးလာတဲ့သူ။ ပြီးတော့ ရှိသေးတယ် ဆေးရုံလာတဲ့ချိန်လည်း သုံးဘီးဌားစီးခဲ့သေးတာဆို

တော့ စုံစမ်းလို့မရသေးဘူး။ ခုလက်ရှိထိတော့ ၃၀ကျော်လောက်ရှိနေပြီ နောက်ထပ်လည်း တိုးရင်တိုးလာနိုင်သေးတယ်” ဟု ဆိုသည်။

ပထမဆုံး ဆက်စပ်သူ ၃ ဦး Q ဝင်နေပြီဖြစ်ပြီး နောက်ထပ် ၉ဦးသည်လည်း ယနေ့မနက်တွင် သက်ဆိုင်ရာ Q စင်တာများသို့ ပို့ဆောင်ထားပြီဟု သိရသည်။ ထို့အပြင် ရထားတူစီးခဲ့သည့် ၂၀ ဦးအနက် ၇ ဦးအား ဆက်သွယ်ရမိပြီဖြစ်ကာ နောက်ထပ် လည်း ဆက်သွယ်စုံစမ်းနေသေးကြောင်း ၎င်းကဆက်ပြောသည်။ https://burmese.kachinnews.com/202 0/09/09/%e1%80%99%e1%80%bc%e1%80%85%e1%80%ba%e1

***************

## ၂၀။ မွန်ပြည်နယ်တွင် မဲရုံ ၂၂ ရုံ ထပ်တိုးထားရန် ပြင်ဆင်

September 9, 2020

လာမည့် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲအတွက် မွန်ပြည်နယ်တွင် Covid-19 ကြောင့်နှင့် ပထမအကြိမ် မဲစာရင်း ကပ်ထားကြေငြာထားသည့်အပေါ် မူတည်ပြီး မဲရုံ ၂၂ ရုံကို ထပ်တိုးရန် ပြင်ဆင်ထားသည်ဟု မွန်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက်က ပြောကြားသည်။ “လက်ရှိမှာတော့ တိုးလာနိုင်တယ်။ တစ်ချို့မှာ ဥပဒေမှာက ၃၀၀ ကနေ ၃၀၀၀ ကိုဗစ်လည်းရှိနေတော့ ၃၀၀၀ ကျော်သွားတဲ့ မဲရုံတွေကို သက်ဆိုင်တဲ့ မြို့နယ်ကနေ မဲရုံတွေကို ပြန်ခွဲထုတ်တယ်။ လက်ရှိမှာက ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာပြီးတဲ့ အချိန်မှာ မဲရုံထပ်တိုးဖို့ပြင်ဆင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်” ဟု ၎င်းကဆိုသည်။

ယင်းတို့ ထပ်တိုးမည့် မဲရုံ ၂၂ ရုံအတွက် မဲရုံ ဝန်ထမ်းများနှင့် မဲရုံသုံး ပစ္စည်းများကို လျာထားဆောင်ရွက်ထားပြီဖြစ်သည်ဟု ဦးဟိဏ်းလင်းထက်က ဆိုသည်။ ရွေးကောက်ပွဲ ဥပဒေအရ မဲရုံတစ်ရုံကို လူဦးရေ ၃၀၀ နှင့် ၃၀၀၀ ကြား သတ်မှတ်ရ မှာ ဖြစ်ပြီး လက်ရှိမဲရုံ ထပ်တိုးသည့် မဲရုံများက လူဦးရေ ၃၀၀၀ ကျော်လွန်သည့် သထုံမြို့နယ် ၊ သံဖြူဇရပ်မြို့နယ်၊ ပေါင်မြို့နယ် စသည့်မြို့နယ်များမှ မဲရုံများ ဖြစ်သည်။ “တစ်ချို့မဲရုံတွေက ၂၈၀၀ လောက် ရှိတယ် ပုံစံ ၃ နဲ့ ထပ်လျှောက်လာလို့ ၃၁၀၀ ဖြစ်သွားလို့ ရှိရင် ဥပဒေအရ ၃၀၀၀ ကျော်ရင် မဲရုံ ခွဲပေးရတယ်ပေါ့ တစ်ချို့ ရပ်ကွက်မှာ မဲရုံ ၁ ၊၂ ၊ ဆိုရင် ၃ တိုးတာပေါ့ အခု ဖြစ်နေတဲ့ Covid ကြောင့်လည်း မျှရတာပေါ့” ဦးဟိဏ်းလင်းထက်က ဆိုသည်။

မွန်ပြည်နယ်မှာ ၂၀၂၀ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီ ၁၇ ပါတီမှာ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၁၀၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာလည်း ဖြစ်သည်။ မွန်ပြည်နယ်တွင် မဲပေးခွင့် ရှိသူ ၁၇ သိန်း ၆ သောင်းကျော်တွင် ပထမဦးဆုံး မဲပေးမည့် လူငယ် (First time Voter) ၂ သိန်းကျော်၊ မသန်စွမ်း ၄၀၀၀ ကျော်ရှိပြီး မဲရုံ ၉၇၀ ရုံ ဖွင့်လှစ်ရန် လျာထားသည်။ https://www.bnionline.net/mm/news-75402

**************

## ၂၁။ တောင်ကြီးအဝင်/ထွက် ၂၄ နာရီ ကျန်းမာရေး စစ်ဆေးဂိတ် ဖွင့်လှစ်

September 9, 2020

သျှမ်းပြည် တောင်ပိုင်း တောင်ကြီးမြို့တွင် ကျန်းမာရေး စစ်ဆေးရေးဂိတ်ကို ၂၄ နာရီ ဖွင့်လှစ်ထားကြောင်း စုံစမ်းသိရှိရသည်။ စက်တင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီ ကစပြီး သျှမ်းပြည် တောင်ပိုင်း တောင်ကြီး မြို့ဝင်၊ထွက်တွင် ကျန်းမာရေး စစ်ဆေးရေး ဂိတ်ကို ၂၄ နာရီ စတင်ဖွင့်လှစ်ကြောင်း တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက် က သျှမ်းသံတော်ဆင့်ကို ပြောသည်။ "ဒီနေ့ကနေစပြီးတော့ ကျနော်တို့က ၂၄ နာရီလုံးကျန်းမာရေး စစ်ဆေးဂိတ်ဖွင့် သွားမှာပါ "ဟု ဦးဖြိုးမင်းထိုက် က ဆိုသည်။ အဆိုပါ ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် တောင်လေးလုံးတွင် ၂၀ ဦး၊ ဟိုးပုံး-တောင်ကြီး ပြည်ထောင်စုလမ်းမတွင် ၂၄ ဦး အလှည့်ကျ တာဝန်ယူစောင့်ဆိုင်းစစ်ဆေးသွားမည် ဖြစ်ကြောင်းလည်း ဦးဖြိုးမင်းထိုက်က ပြောသည်။

တောင်ကြီးမြို့နယ် အတွင်း ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် အတွက် ပြည်ပနိုင်ငံများမှ ပြည်လည် ဝင်ရောက်လာသူများထဲမှ Quarantine ဝင်ရောက်မှုမရှိသေးသူများ၊ ရခိုင်ပြည်သို့ ခရီးသွားရာဇာဝင်ရှိသူများ၊ ရန်ကုန် တိုင်းဒေသကြီးအတွင်းသို့ Stay at Home သတ်မှတ်ထားသည့် မြို့နယ်(၇)မြို့နယ် သို့ ခရီးသွားရာဇာဝင်ရှိသူများအား Quarantine ဝင်ရောက်ရမည် ဟု ထုတ်ပြန်ချက်တွင် ထည့်သွင်းရေးသားထားသည်။

မြန်မာနိုင်ငံတွင် ကိုဗစ် ၁၉ ပိုးတွေ့လူနာ (၁၈၀၇) ဦးရှိပြီး ပြန်လည်သက်သာလာသူ (၄၆၀) နှင့် သေဆုံးသူ (၁၂)ဦး ရှိပြီးဖြစ်ကြောင်း ကျန်မားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။ (စက်တင်ဘာ ၉) ရက်တွင် မနက် (၈) နာရီ သတင်းထုတ်ပြန်ချက် အရ ကိုဗစ် -၁၉အတည်ပြု လူနာ (၂) ဦး ထပ်မံသေဆုံးကြောင်း သိရသည်။ https://burmese.shannews.org/archives/18396

**************

## ၂၂။ တိုက်ပွဲတွေရပ်ဖို့ ဗကသကျောင်းသားတွေ မန္တလေးမှာဆန္ဒပြ

September 10, 2020

ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ ချင်းပြည်နယ် ပလက်ဝမြို့တွေမှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေရပ်ပေးဖို့၊ မြန်နှုန်းမြင့် အင်တာနက်လိုင်း ဖွင့်ပေးဖို့အတွက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗကသ က မန္တလေးမြို့မှာ ဒီကနေ့ ဆန္ဒပြခဲ့ကြပါတယ်။ ဗကသ ကျောင်းသား၊ ကျောင်းသူ ၁၅ ယောက်ခန့်က ၈၄ လမ်း၊ ၃၁ လမ်းကနေ ၂၆ လမ်း ဈေးချိုအထိ လမ်းလျှောက်ချီတက်ပြီး ဆန္ဒပြခဲ့တာပါ။ ရခိုင်ဒေသက ပြည်သူတွေနဲ့ တသားတည်းအတူရှိတယ်ဆိုတာကို ပြသတဲ့အနေနဲ့ ဆန္ဒထုတ်ဖော်ကြတာလို့ ဗကသများအဖွဲ့ချုပ်က ရုံးအဖွဲ့မှူး ကိုကျော်သီဟရဲကျော် ကပြောပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အယုံအကြည်မရှိတဲ့အတွက် ဒီကနေ့ ဆန္ဒပြပွဲအတွက် သက်ဆိုင်ရာကို ခွင့်ပြုချက်တောင်းဆိုတာမျိုး မလုပ်ထားဘူးလို့ ကျောင်းသားတွေက ပြောပါတယ်။ ဒီကနေ့ လာရောက်တားမြစ်တဲ့ ရဲတပ်ဖွဲ့ဝင်တွေကို သတင်းမီဒီယာတွေက မေးမြန်းခဲ့ရာမှာ ဖြေကြားတာမရှိသလို ဆန္ဒပြကျောင်းသားတွေကို အရေးယူဖို့ရှိ မရှိ ဆိုတာကိုလည်း မဖြေခဲ့ပါဘူး။ https://www.rfa.org/burmese/news/mdy-bakatha-students-protest-in-mdy-09102020040120.h

၂၃။ **တောင်ကြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၌ ကိုဗစ်-၁၉ စတင်စစ်ဆေး**
11 September 2020

ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက စက်တင်ဘာ ၁၀ ရက်မှာ နှာခေါင်းနဲ့ အာခေါင်တို့ဖတ် ဓာတ်ခွဲနမူနာ ၁၁၉ ခုကို စစ်ဆေးခဲ့ရာမှာ အဖြေအားလုံး Negative ဖြစ်တယ်လို့ အဏုဇီဝအထူးကုဆရာဝန်ကြီး ဒေါက်တာ ပိုးပိုးလင်းထံက ပြောပါတယ်။ လက်ရှိမှာ PCR စက်နဲ့ အထူးကုဆရာဝန်ကြီး ၁ ဦး၊ ဦးစီးအရာရှိ ၂ ဦး၊ Medical Technologist ၄ ဦး၊ Lab Technician Grade 2 ၂ ဦး၊ Data Assistant ၁ ဦး စုစုပေါင်း ဝန်ထမ်းအင်အား ၉ ဦးနဲ့ တသုတ်ကို ၉၄ ဦး ရောဂါ စစ်ဆေးနိုင်ပြီးတော့ ဘယ်နှစ်သုတ်စစ်နိုင်လဲ ဆိုတာတော့ ဓာတ်ခွဲနမူနာရောက်ရှိချိန်ပေါ် မူတည်တယ်လို့ ဆရာဝန်ကြီးက ပြောပါတယ်။

ဒီစက်တွေကို ဝေဒေအောင်ကမ္ဘာ့ကုမ္ပဏီလီမိတက်နဲ့ Miracle Light ကုမ္ပဏီတို့က လှူဒါန်း တာဖြစ်ပြီး ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ အရှေ့ပိုင်းက မြို့နယ်တွေက ရောက်ရှိလာတဲ့ ဓာတ်ခွဲ နမူနာတွေကို အခမဲ့စစ်ဆေးပေးနေ ပါတယ်။ နေ့စဉ် ဓာတ်ခွဲအဖြေရလဒ်တွေကိုလည်း Public Health Laboratory Taunggyi ဖေ့စ်ဘွတ်ခ် စာမျက်နှာကနေ ကြေညာပေးမယ်လို့ ဆိုပါတယ်။

ကိုဗစ်-၁၉ ရောဂါ လူနာတွေ့ရှိမှုအနေနဲ့ စက်တင်ဘာ ၉ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့မှာ လူနာ ၃ ဦးရှိခဲ့ပြီး လတ်တလော တောင်ကြီး စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးမှာ ကိုဗစ်-၁၉ ကူးစက်ခံ လူနာ ၁ ဦး တက်ရောက် ဆေးကုသမှုခံယူနေတယ်လို့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရပါတယ်။ http://burmese.dvb.no/archives/409814

မှတ်ချက်။ **သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

***** ပြီး *****